# အလယ်သံကျော်အတွက် အမှန်တရား ရှာဖွေရေး ကော်မတီ

## သတင်း ထုတ်ပြန်ချက်

**ငါးနှစ် ရှိလာသည့်အခါတွင် - ရိုဟင်ဂျာ လူမျိုးတုန်း သတ်ဖြတ်မှုတွင် တယ်လီနော၏ ပါဝင်ပါတ်သက်မှုကို လွတ်လပ်သော စုံစမ်းစစ်ဆေးမှု အပြည့်အဝ လိုအပ်သည်။**

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်။

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု စစ်ဆင်ရေး လုပ်ခဲ့သည့် ၂၀၁၇ ခုနှစ်နောက် ငါးနှစ်ကြာသောအခါ နော်ဝေးနိုင်ငံခြားရေး ဝန်ကြီးဌာန၏ OECD အမျိုးသား ဆက်သွယ်ရေးဌာန (NCP[1]) က ရိုဟင်ဂျာ အရပ်သားများကို သတ်ဖြတ်ရန်နှင့် ဒဏ်ရာရစေရန် စစ်သားများ အသုံးပြုခဲ့သော တယ်လီနော ကွန်ရက်၏ အစိတ်အပိုင်း ဖြစ်သော တာဝါတိုင်တွင် ဖြစ်ပွားမှုနှင့် ပတ်သက်၍ မည်သည့် တာဝန်ယူမှုမျှ မပါဝင်ပဲ မလျော်မကန် လွဲမှားစွာ ဖြေရှင်းထားသော ၎င်းတို့၏ နောက်ဆုံးအစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ NCP သို့ ပြုလုပ်ထားသည့် မူလ တိုင်ကြားချက်တွင် ရိုဟင်ဂျာ လူမျိုးတုန်း သတ်ဖြတ်မှုမှ ရှင်သန် လွတ်မြောက်လာသူများက အစိုးရ စစ်တပ်မှ စစ်သားတစ်ဦး သည် မောင်တောမြို့တောင်ဘက် အလယ်သံကျော်ရွာရှိ တယ်လီနော ဆယ်လူလာ ကွန်ရက်၏ အစိတ်အပိုင်းဖြစ်သော တာဝါတိုင် ပေါ်သို့ မည်သို့ မည်ပုံ တက်ရောက်၍ "ထွက်ပြေးလာသော ရိုဟင်ဂျာ ယောကျ်ား၊ မိန်းမများနှင့် ကလေးများကို ပစ်သတ်ရန် အပေါ် စီး နေရာအဖြစ်" အသုံးပြုခဲ့ပုံကို ဖော်ပြထားသည်။

NCP က တယ်လီနောသည် တာဝါတိုင်တွင် ဖြစ်ပျက်ခဲ့မှုတွင် "တိုက်ရိုက် ဆက်စပ်မှု" ရှိသည်ဟု ဝန်ခံထားသော်လည်း NCP က "တယ်လီနောအနေဖြင့် ပြင်ပ ပုဂ္ဂိုလ်များက ဘေးအန္တရာယ် ဖြစ်စေသော ရည်ရွယ်ချက်များဖြင့် တယ်လီဖုန်း ဆက်သွယ်ရေး တာဝါတိုင်များကို (၂၀၁၇ ခုနှစ် ဩဂုတ်လတွင်) လွဲမှားစွာ အသုံးပြုလိမ့်မည်ဟု ကြိုတင် သိမြင်သည်ဟု မျှော်လင့်ရန်မှာ ကျိုးကြောင်း ဆီလျော်မှုမရှိကြောင်း NCP က တွေ့ရှိရသည်" ဟု ဖော်ပြထားခြင်းဖြင့် တယ်လီနောကို တာဝန်ခံမှုမှ ကင်းလွတ်အောင် လွဲမှားစွာ ဖြေရှင်းထားသည်။ ယင်းဖြစ်ပျက်မှု မတိုင်မီ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးသည် ၂၀၁၆ ခုနှစ် ရှင်းလင်းမှု စစ်ဆင်ရေးများတွင် မြန်မာ စစ်တပ်၏ ရိုဟင်ဂျာများအပေါ် စနစ်တကျ ရက်စက်ကြမ်းကြုတ်မှုများကို ရှင်းလင်းစွာ ထုတ်ဖော်ပြသထားပြီးဖြစ်သောကြောင့် ဤ NCP ၏ ရပ်တည်ချက်မှာ ခုခံ ခြေပနိုင်သည့် လမ်းကြောင်းမဟုတ်ကြောင်း CSJA အနေဖြင့် တွေ့ရှိသည်။

---

1 https://www.regjeringen.no/globalassets/departementene/ud/vedlegg/naringsliv/kp_mandat_engelsk.pdf

တိုင်ကြားချက်ထဲတွင် CSJA က "မြန်မာ စစ်တပ်သည် စစ်ဆင်ရေးများ သို့မဟုတ် တိုက်ပွဲများ အတွင်း ပိုင်ဆိုင်မှု ပစ္စည်းများကို သိမ်းယူလေ့ရှိသည့် ကြာမြင့်လှပြီဖြစ်သော အစဉ်အလာမှတ်တမ်းရှိသည်ကိုလည်း တယ်လီနောကဲ့သို့ လုပ်ငန်းကြီး တစ်ခု အနေဖြင့် ရှင်းလင်းစွာ သိထားသင့်သည်။ တယ်လီနောသည် ၂၀၁၆ ခုနှစ် ရခိုင်တွင် ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာ ဆန့်ကျင်ရေး အကြမ်းဖက် ဖြစ်ရပ်များကို သေချာစွာ သိရှိထားပြီး ထို ဖြစ်ရပ်များကြောင့် လက်တွေ့တွင် ရခိုင်ပြည်နယ်မှ ဝန်ထမ်းများကို ရုတ်သိမ်းထားခဲ့သည်။" ဟု မှတ်ချက်ပြုထားသည်။

တယ်လီနောသည် အဆိုပါဖြစ်ရပ်မှ အချက်အလက်ကို ပထမဆုံး လူသိရှင်ကြား ရင်ဆိုင်ခဲ့စဉ်က စုံစမ်းစစ်ဆေးမည်ဟု ပြောဆိုခဲ့သော်လည်း နောက်ပိုင်းတွင် ယင်းကဲ့သို့ စုံစမ်းစစ်ဆေးမှု မပြုလုပ်ခဲ့ဘဲ အလက်သံကျော်မှ ရှင်သန်ကျန်ရစ်သူများကို ဆက်သွယ်ရန် ကြိုးပမ်းခဲ့ခြင်းမရှိကြောင်း ဝန်ခံခဲ့သည်။ NCP ၏ အဆိုအရ "၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့မှုများအပေါ် စုံစမ်းစစ်ဆေးရန် ဥပမာ ရိုဟင်ဂျာ ဒုက္ခသည်များနှင့် ထိတွေ့ခြင်းကဲ့သို့ လုပ်ဆောင်ရန် သူ့တွင် အခွင့်အာဏာ မရှိကြောင်း တယ်လီနောက ပြောခဲ့သည်"။

ဖြစ်ပျက်ခဲ့မှု အပေါ် စုံစမ်းစစ်ဆေးမှု မလုပ်ရန် တယ်လီနောက ရွေးချယ်ရခြင်း၏ အကြောင်းအချက်မှာ တယ်လီနောက လိုက်နာပါမည်ဟု ပြောထားသော OECD လမ်းညွှန်ချက်များနှင့် တသားတည်းဖြစ်မနေသည်မှာ ရှင်းလင်းပေသည်။ တယ်လီနောမှာ ဤကိစ္စကို နောက်ထပ် စုံစမ်းစစ်ဆေးမှုများ မပြုလုပ်လိုသည်မှာ ရှင်းလင်းသည်။ အဘယ်ကြောင့် ဆိုသော် နော်ဝေ နိုင်ငံပိုင် ကုမ္ပဏီ တစ်ခု အနေဖြင့် တွေ့ရှိချက်များကို ICJ ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများကို ဝေမျှရန် ကတိကဝတ်များ ရှိနေနိုင်ပြီး ထိုသို့ လုပ်ခြင်းဖြင့် မြန်မာ့ တပ်မတော်နှင့် ဆက်နွယ်နေသော လူပုဂ္ဂိုလ်များ နှင့် ကုမ္ပဏီများနှင့် သူတို့၏ စီးပွားရေး ဆိုင်ရာ ဆက်ဆံရေးကို ထိခိုက်စေနိုင်သောကြောင့် ဖြစ်သည်။

တယ်လီနောက နှစ်ရှည် ငှားရမ်းထားသော တာဝါတိုင် ပိုင်ရှင်ဖြစ်သည့် Irrawaddy Green Tower (IGT) သည် အလယ်သံကျော်ရှိ ဒေသခံ ပြည်သူ လူထုနှင့် "ရေရှည် ဆက်စပ်မှု" ရှိထားခဲ့သည်ဟုလည်း NCP သို့ တင်ပြချက်တွင် တယ်လီနောက မှားယွင်းစွာ ပြောဆိုထားသေးသည်။ ယင်းမှာ မကြာသေးခင်ကမှ တည်ထောင်ထားပြီး စစ်တပ်နှင့် ဆက်လက် နီးစပ်နေသော ကုမ္ပဏီ တစ်ခုအတွက် ဖြစ်နိုင်ချေ မရှိပေ။ ဤမှားယွင်းမှုကို ထောက်ပြသည့်အခါတွင် တယ်လီနောက နောက်ပိုင်းတွင် ယင်း၏ ရှင်းပြချက်ကို ပြောင်းလဲ လိုက်ပြီး မေးခွန်း တွင် ပါသော လုပ်ငန်းမှာ ဒေသခံ ကန်ထရိုက်တာများ ဖြစ်ပြီး IGT မှာ "မြန်မာနိုင်ငံတွင်ရှိ စက်မှု လုပ်ငန်းများအတွင်း တာဝန်ခံမှု ရှိသော စီးပွားရေး လုပ်ငန်းဖြစ်ရန် ကတိကဝတ်ရှိသည့် လွတ်လပ်သော ကုမ္ပဏီဟု စဉ်းစားခဲ့သည်" ဟု ပြောဆိုခဲ့သည်။ မေးခွန်းထုတ်စရာ ဖြစ်ခဲ့သော အဖြစ်အပျက် မတိုင်မီ ရက်သတ္တပတ်အနည်းငယ်အတွင်း နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးကို အလှူငွေ အဖြစ် ကျပ်ငါးသန်း ပေးအပ်ခဲ့သော ကုမ္ပဏီကို ယင်းသို့ ဖော်ပြခြင်းမှာ ထူးဆန်းနေပေသည်။ အမှန်မှာ IGT သည် တပ်မတော်နှင့် နီးကပ်သော ဆက်ဆံရေးကို ထိန်းသိမ်းထားသော စီးပွားရေးပုံစံကို မှီခိုအားထားရသော ကုမ္ပဏီတစ်ခုဖြစ်သည်။

နော်ဝေ အစိုးရက အစုရှယ်ယာအများစု ပိုင်ဆိုင်ထားသော်လည်း တယ်လီနောသည် စီးပွားရေးကို စစ်တပ်က အများစု ထိန်းချုပ်ထားသော နိုင်ငံတွင် သူတို့၏ အကျိုးစီးပွား တိုးတက်စေရန် စစ်တပ်နှင့် နီးစပ်သော လုပ်ငန်းများ နှင့် လူပုဂ္ဂိုလ်များနှင့် စီးပွားရေး လုပ်ခြင်းဖြင့် မြန်မာ ခရိုနီများ လုပ်ဆောင်သည့် နည်းလမ်းအတိုင်း လုပ်ငန်းများကို လည်ပတ်ခဲ့သည်။
တယ်လီနောသည် ၎င်း၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် ကုမ္ပဏီ၏ ဝက်ဘ်ဆိုက် အပ်ဒိတ်များတွင် တိုင်ကြားမှုသည် တယ်လီဖုန်း တာဝါတိုင်ကို "အလွဲသုံး" မှုနှင့် ပတ်သက်သည်ဟု ပြောင် ကိုးကားမှု မပြုမှီ ဤဖြစ်ရပ်ကို ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်စာမျက်နှာများတွင် အကျဉ်းချုပ် ဖော်ပြရာတွင်လည်း ပြောထားခဲ့ပြီး တိုင်ကြားသူများမှာ ရိုဟင်ဂျာများ ဖြစ်သည်ဆိုသည်နှင့် အလယ်သံကျော်မှ လူထု အားလုံးနီးပါးကို အကြမ်းဖက် မောင်းထုတ်သည့် စစ်ဘက်ဆိုင်ရာ တိုက်ခိုက်မှု အတွင်း ရိုဟင်ဂျာရွာအပေါ် စစ်တပ်က တိုက်ခိုက်မှု အတွက် ဖြစ်ပွားခဲ့ခြင်း ကို တိုင်ကြားခြင်း ဖြစ်ကြောင်းတို့ကို ထည့်သွင်းဖော်ပြရန် ရှောင်ကျဉ်ထားခဲ့သည်။ ရိုဟင်ဂျာ အမည်နာမကို အသိအမှတ်ပြုရန် တယ်လီနော၏ ပျက်ကွက်ခြင်းမှာ စစ်တပ်နှင့် အစိုးရနှင့် အကြား ရိုဟင်ဂျာ ဆန့်ကျင်ရေး အတွေးအခေါ်များ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသည့် နိုင်ငံတွင် လုပ်ငန်း လည်ပတ်မှုကို ထိန်းသိမ်းရန် တယ်လီနော၏ အပူတပြင်း ကြိုးစားမှု၏ ရလာဒ် တစ်ခု ဖြစ်သည်။

NCP သို့ နောက်ဆုံး ပေးပို့သော စာတွင် CSJA က **NCP နှင့် NCP ကို ကြီးကြပ်ရပြီး NCP အဖွဲ့ဝင်များကို ခန့်အပ်ရသော နော်ဝေ နိုင်ငံခြား ရေးဝန်ကြီးဌာန တို့၏ ဤအမှုကို ကိုင်တွယ်ပုံနှင့် ပတ်သက်ပြီး အလွန်အမင်း စိတ်ပျက်ရကြောင်း** နိဂုံးချုပ် သုံးသပ်ထားသည်။ "တယ်လီနော၏ အစုရှယ်ယာ အများစုကို နော်ဝေက ပိုင်ဆိုင်ထားသော်လည်း OECD ၏ ပြန်လည် သုံးသပ်မှုသည် ဓမ္မဓိဌာန်ကျမည်ဟု မိမိတို့ မျှော်လင့်သည်။ ၎င်းတို့၏ နော်ဝေကုမ္ပဏီမှ စာရွက်စာတမ်းများနှင့် ထုတ်ပြန်ကြေညာချက်များကိုသာ အလေးထားခြင်းအားဖြင့် နှင့် ဒါကာတွင်ရှိသော ၎င်းတို့၏ သံရုံးက အလွယ်တကူ လာရောက် တွေ့ဆုံနိုင်သော CSJA ကို တိုက်ရိုက် တွေ့ဆုံရန် စိတ်မဝင်စားခြင်းတို့က ဤတွေ့ရှိချက်များသည် နော်ဝေသည် ၎င်း၏ အမည်ကောင်းကို ကာကွယ်ရန် ရိုးရှင်းစွာ ကြိုးစားခဲ့ပြီး မိမိတို့ ရိုဟင်ဂျာ ပြည်သူလူထုကို လူမျိုးတုန်းသတ်ဖြတ်ရာတွင် ၎င်းတို့၏ ပါဝင်မှုကို ဖုံးကွယ်ရန်သာ ဖြစ်သည်။ ယင်းသည် နော်ဝေနှင့် ၎င်း၏ ပြည်သူများကို သာမက "OECD" ကိုလည်း အရှက်ရစေသည်။

## **နော်ဝေ အာဏာပိုင်များမှ နောက်ထပ် စုံစမ်းစစ်ဆေးရန် လိုအပ်ချက်။**

ရိုဟင်ဂျာရွာသားများကို ပစ်ခတ်ရန် စစ်သားများက တယ်လီနောမျှော်စင်ကိုအသုံးပြုခဲ့သည်ဆိုသည်ကို တယ်လီနောနှင့် IGT က သိရှိထားသည် ဆိုသော အဖြေများကို အလယ်သံကျော် ရွာသားများ သိခွင့် ရှိသင့်ပါသည်။ ကံမကောင်းစွာပင် တယ်လီနောအား စာရွက်စာတမ်းများ အပြည့်အစုံ ထုတ်ဖော်ရန် တိုက်တွန်း နိုင်စွမ်းမရှိသည့် အဖွဲ့အစည်း ဖြစ်သော NCP မှာ နော်ဝေ ကုမ္ပဏီ တစ်ခု၏ စစ်ရာဇဝတ်မှုများနှင့် ဆက်စပ်ပတ်သက်မှုများ ပါဝင်သော အမှုအခင်းကို အလေးအနက် ကိုင်တွယ်ရန် မသိသော အစွယ်မရှိသည့် အိမ်မွေးခွေးလေး ပမာသာ ဖြစ်ပေသည်။ ဤဖြစ်ရပ်သည် NCP ကို လုံးဝ ပြန်လည် ပြုပြင် ဖွဲ့စည်းရန် နော်ဝေနိုင်ငံအတွက် သတိပေး တောင်းဆိုချက် တစ်ခု ဖြစ်သင့်ပြီး NCP ကို အလယ်သံကျော် ဖြစ်ရပ်များကဲ့သို့

ကိစ္စရပ်များကို အလေးအနက် ကိုင်တွယ်ရန် ယုံကြည်စိတ်ချရသည့် အဖွဲ့အစည်း တစ်ခု ဖြစ်လာစေရန် တွန်းအားလည်း ဖြစ်သင့်သည်။
၎င်း၏ ရပ်တည်မှု အရ NCP သည် ကုမ္ပဏီ သမိုင်းတွင် ရှက်စရာ အကောင်းဆုံး ဖြစ်ရပ်များထဲမှ တစ်ခုတွင် ၎င်း၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှု တာဝန်ခံမှုကို ဆက်လက်လျစ်လျူရှုနိုင်စေရန် တယ်လီနောအား လမ်းခင်းပေးသည်မှလွဲ၍ ဘာမျှ မလုပ်ဆောင်နိုင်ခဲ့ပေ။

အလယ်သံကျော်မှ ရှင်သန်ကျန်ရစ်သူများအား လာရောက် တွေ့ဆုံ မေးမြန်းရန် ပျက်ကွက်မှုသည် နော်ဝေပိုင် NCP သည် ၎င်း၏ တရားစီရင်ရေး ပြင်ပ တိုင်ကြားမှု ယန္တယားကို လည်ပတ်ရာတွင် အားနည်းချို့ယွင်းသော နည်းလမ်းကို အသုံးပြုခဲ့ကြောင်း အထောက်အထား ဖြစ်သည်။ ဤကိစ္စရပ်နှင့် ပတ်သက်၍ အသေးစိတ် စုံစမ်းစစ်ဆေးရန်မှာ နော်ဝေနိုင်ငံတွင် တာဝန်ရှိရုံသာမက နော်ဝေ ဥပဒေပြု အမတ်များသည် အလယ်သံကျော် တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များသာမက မြန်မာနိုင်ငံမှ တယ်လီနော၏ ရှက်ဖွယ်ထွက်ခွာမှုကို စစ်ကြောရန် ၎င်းတို့ကိုယ်တိုင် စမ်းစစ်ရန် သူတို့ကိုယ်ပိုင် စုံစမ်းစစ်ဆေးမှုကို ချက်ချင် စတင်ရပေမည်။

NCP အား CSJA ၏ တရားဝင် ပြန်စာကို https://www.kaladanpress.org, https://www.kaladanpress.com, https://kaladanpress.wordpress.com/ တွင်ကြည့်ပါ။